ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၈ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

## အကောက်ခွန်ဦးစီးဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးရှင်းလင်းခြင်း အခမ်းအနားကျင်းပ




အကောက်ခွန်ဦးစီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးရှင်းလင်းခြင်း အခမ်းအနားအား ၄-၁၀-၂၀၂၄ ရက်နေ့ ၊ ၁၉း၃၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




အကောက်ခွန်ဦးစီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး ဆွေးနွေးရှင်းလင်းခြင်း အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

အဆိုပါအခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထက်နှင့် ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းတို့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍများအားလည်းကောင်း၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများနှင့်တားဆီးကာကွယ်ရေးကဏ္ဍများအားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ခြင်းအပေါ် အကောက်ခွန်ဦးစီးဌာန၊ ဝန်ထမ်းများမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၀၀) ဦး တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး / ပြည်နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများနှင့် မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများကိုလည်း Virtual ဖြင့် တက်ရောက်စေခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားကျင်းပ




အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာန၊ ဌာနအကြီးအကဲနှင့် ဝန်ထမ်းထုတွေ့ဆုံဆွေးနွေးပွဲ (ဒါဘာ) အခမ်းအနားအား ၁၄-၁၀-၂၀၂၄ ရက်နေ့ ၊ ၀၈း၃၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူး ( စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဌာနခွဲ) မှ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများနှင့် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာများအား Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်မှ တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများအား လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများ၊ အဂတိလိုက်စားမှုများ ကင်းရှင်းစွာ ဆောင်ရွက်ရေးကိစ္စများ ၊ လုပ်ငန်းများအားဥပဒေ ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းစည်းကမ်းများကိုလည်း တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ အခမ်းအနားသို့ အရာထမ်း ၊ အမှုထမ်း စုစုပေါင်း (၁၅၀) ဦး တက်ရောက်ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အများပြည်သူသုံးစွဲရန်မသင့်သော ၊ FDA ထောက်ခံချက် မရှိသော ဆေးဝါးများ ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများအား ဖျက်ဆီးခြင်း





အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အများပြည်သူသုံးစွဲရန် မသင့်သော၊ FDA ထောက်ခံချက် မရှိသော ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများအား ညွှန်ကြားရေးမှူး (ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ) ဦးအောင်ခိုင် ဦးဆောင်သော အဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ဖျက်ဆီးစဉ်။

အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အများပြည်သူသုံးစွဲရန်မသင့်သော ၊ FDA ထောက်ခံချက်မရှိသော ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများကို ၃၀-၁၀-၂၀၂၄ ရက်နေ့ ၀၉:၀၀ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ၊ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ ၊ လှိုင်သာယာမြို့နယ်၌ ယန္တရားဖြင့် ဖျက်ဆီးခြင်း ၊ ဖျက်ဆီးပြီးစီးသောပစ္စည်းများ မြေမြှုပ်ခြင်းများအား ညွှန်ကြားရေးမှူး (ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ) ဦးအောင်ခိုင် ဦးဆောင်သော အဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ပြုလုပ်ခဲ့ပါသည်။




ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် အများပြည်သူသုံးစွဲရန် မသင့်သော၊ FDA ထောက်ခံချက်မရှိသော ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများ ဖျက်ဆီးခြင်းအခမ်းအနား မှတ်တမ်းဓါတ်ပုံများ။

အဆိုပါ ဖျက်ဆီးခြင်းအခမ်းအနားအား စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ (၂၅-၉-၂၀၂၄) ရက်စွဲပါ ရုံးတွင်းအမိန့်စာအမှတ် (၈၁၂ /၂၀၂၄) အရ ဖွဲ့စည်းပေးအပ်ထားသော ညွှန်ကြားရေးမှူး (ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ) မှ ဦးအောင်ခိုင် ဦးဆောင်သော အဖွဲ့ဝင် (၇) ဦးပါဝင်သည့် အဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ပြည်သူ့ဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အမှုတွဲ(၄၅)မှု စုစုပေါင်းတန်ဖိုးကျပ်သန်းပေါင်း (၈၁၂.၈၄၀/-) ရှိ အများပြည်သူသုံးစွဲရန် မသင့်သော၊ FDA ထောက်ခံချက်မရှိသော ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများ ဖျက်ဆီးခြင်းအခမ်းအနားအား နံနက် ၁၁:၀၀ နာရီတွင် ကျင်းပပြီးစီးခဲ့ပါသည်။



အကောက်ခွန်ဦးစီးဌာန၊ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် တို့အား ရွတ်ဖတ်ပူဇော်စဉ်။

အကောက်ခွန်ဦးစီးဌာနမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား (၃၀) ဦးခန့်ဖြင့် အဖွဲ့(၂) ဖွဲ့ခွဲ၍ ရွတ်ဖတ်ပူဇော်ပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးမှ ဦးဆောင်၍ လပြည့် ၊ လကွယ်နေ့များ၌ ရွတ်ဖတ်ပူဇော်လျက်ရှိပါသည်။ ဓမ္မစကြာ ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းအား ၂-၁၀-၂၀၂၄ ရက်နှင့် ၁၅-၁၀-၂၀၂၄ ရက်များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပြီးဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၁၃၇.၅၅၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၆၄၅ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၂၈၁၃၇.၅၅၇ ) သန်း ဖြစ်ပါသည်။


## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၁၄-၁၀-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ Allegiance Parts And Service Co.,Ltd မှ ID No- 100285779752 (2.9.2024) ဖြင့်တင်သွင်းလာသော ပေ၂၀ ကုန်သေတ္တာ (၁) လုံးနှင့် ပေ ၄၀ ကုန်သေတ္တာ (၂) လုံးအား ဆိပ်ကမ်းတာဝန်ကျ စစ်ဆေးရေးအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးရာ Item (5 To 43) မှာ ID တွင် (C/O– China) ကြေညာထားသော်လည်း (C/O– Indonesia) ဖြစ်ပေါ်နေမှု၊ ID , IL တွင် ကြေညာထားခြင်း မရှိသော (Leaf Spring) (Brand-Wewler) (1U = 23KG) (8 U) (184 KG) (C/O– Belgium) ပါရှိလာမှု၊ တင်သွင်းပစ္စည်းများအားလုံး မှာ IL ပါ H.S Code နှင့် မျက်မြင်စစ်ဆေး တွေ့ရှိချက်ပစ္စည်း၏ H.S Code ကွဲလွဲနေမှုတို့အတွက် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် - (၉၆၂,၇၁၂,၉၃၃/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၁၃၇.၅၅၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**




၃-၁၀-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ Uni Crop Co.,Ltd. မှ ID No. 100287234830 (26.9.2024) ဖြင့် တင်သွင်းခဲ့သည့် ပေ-၂၀ ကုန်သေတ္တာ (၁၄) လုံးအား သက်ဆိုင်ရာဆိပ်ကမ်း ပူးပေါင်းအဖွဲ့ဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ ID, IL တွင် ကြေညာထားသော (Fertilizer) (Muriate Of Potash 60%) (C/O-China) (486,000 KG) ဟု ကြေညာထားသော်လည်း မျက်မြင်စစ်ဆေးတွေ့ရှိချက်မှာ (C/O-Uzbekistan) ဟုစစ်ဆေးတွေ့ရှိရသဖြင့် C/O ကွဲလွဲစွာပါရှိလာသော (Fertilizer) (Muriate Of Potash 60%) ( C/O – Uzbekistan ) ( 486,000 KG ) ၊ ခန့်မှန်းတန်ဖိုးကျပ် - ( ၄၃၃,၇၅၅,၀၀၀/- ) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၁၃၇.၅၅၇ ) သန်းခန့် ရှိသည့်အကောက်ခွန်မဲ့ပစ္စည်းများဖမ်းဆီး ရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၃-၁၀-၂၀၂၄ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ Myanma Sisal Co.,Ltd မှ ID No.100286128832 (2.9.2024) ဖြင့် တင်သွင်းလာသော ပေ-၄၀ ကုန်သေတ္တာ (၂) လုံးအား သက်ဆိုင်ရာဆိပ်ကမ်းပူးပေါင်းအဖွဲ့ဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ ID, IL တွင် ကြေညာထားသော (Brand New Generating Set) (Sound Proof) (Brand-Arrman) (Model-YC100KW) (Rated Power-93 KVA) (Standby Power-100 KVA) (C/O-China) (6 U) ပါပစ္စည်း (၆) မျိုးမှာ ကိုက်ညီမှန်ကန်မှုရှိပြီး IL ပါ HS Code ဖော်ပြချက်နှင့် မျက်မြင်စစ်ဆေးတွေ့ရှိချက်ပစ္စည်း၏ HS Code မှာ ကွဲလွဲနေမှုဖြစ်ပေါ်နေသဖြင့် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် - ( ၃၈၆,၃၅၈,၀၀၀/- ) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

**အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ်**

**( ၂၈၁၃၇.၅၅၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ**

**နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု**



၁၃-၁၀-၂၀၂၄ ရက်နေ့ ၁၅:၂၀ နာရီတွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ အဖွဲ့ဝင်များသည် မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက် ပွဲရုံတန်းရှိ ဂိုထောင် (၅) လုံးအား ဝင်ရောက်စစ်ဆေးရာ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တွေ့ရှိရသဖြင့် ၎င်းဂိုထောင်များအား အကောက်ခွန် Paper Sealed ပိတ်ထားခဲ့ပြီး ၁၄-၁၀-၂၀၂၄ ရက်နေ့ ၁၅:၃၀ နာရီတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Vegetable Cooking Oil) (Brand- ပုဇွန်နှစ်ကောင်) (C/O- Thailand) (1 L x 12 Bot) (500 Ctns) အပါအဝင် စားသုံးဆီ (၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် - (၁၆၈,၇၅၀,၀၀၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၈၁၃၇.၅၅၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၇-၁၀-၂၀၂၄ ရက်နေ့ ၁၇:၀၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်စည်များ တင်သွင်း/တင်ပို့မှု မရှိစေရေးအတွက် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျဝန်ထမ်းများသည် ကင်းလှည့်စစ်ဆေးနေစဉ် မန္တလေးမှ မူဆယ်သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (1L/6939) (Truck) (6 W) အမျိုးအစားယာဉ်အား ၆၂ လမ်းနှင့် ၁၁၃ လမ်းဆုံ၌ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် အထွေထွေကုန်စည်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော အဝါရောင်နှင့် အဖြူရောင် ဆာလာအိတ်များဖြင့် ပတ်ထားသော ကျောက်စိမ်းဟုယူဆရသည့် လက်ကောက်ကွင်းများအား တွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန်မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်လာခဲ့ပြီး ၉-၁၀-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီတွင် စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်းများ (100 Bags) (1746 Kgs) ခန့်မှန်းတန်ဖိုးကျပ် - ( ၅၅,၈၇၂,၀၀၀/- ) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၈၁၃၇.၅၅၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု





၂.၁၀.၂၀၂၄ ရက်နေ့တွင် မြန်မာ့စာတိုက်လုပ်ငန်း၊ ပြည်ပစာပို့လုပ်ငန်း၌ ထိုင်ဝမ်မှ Sai Thiha Aung အမည်ရှိ လူပုဂ္ဂိုလ်တစ်ဦးထံ တင်သွင်းလာသော ချောထုတ်အမှတ်၊ (ARP-158) (၁) ထုပ်အား တာဝန်ရှိသူ စစ်ဆေးရေးအရာရှိမှ မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ စစ်အသုံးအဆောင်ဟု ယူဆရသော ကျည်ကာအင်္ကျီ (၁) ထည်နှင့် ကျည်ကာမပါအင်္ကျီ (၁) ထည်၊ စုစုပေါင်း (၂) ထည် ခန့်မှန်းတန်ဖိုးကျပ် - ( ၂၅၀,၀၀၀/- ) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၈၁၃၇.၅၅၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု




၆-၁၀-၂၀၂၄ ရက်နေ့ ၁၁:၄၀ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Arrival Exit-B ၌ အင်ဒိုနီးရှားနိုင်ငံသား ခရီးသည်တစ်ဦးသည် Thai Airways လေယာဉ်ခရီးစဉ်အမှတ်၊ (TG-301/SF-9150) ဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage အား X-Ray စက်ဖြင့် စစ်ဆေးရာ မသင်္ကာဖွယ်ရာပုံရိပ် တွေ့ရှိရသဖြင့် Exit-B ၌ ပိုင်ရှင်၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Brand-StarLink) (Dish-UTA-212) (Router-UTR-211) (PN-02533009-502/A) (SN-KIT 3040101990) (C/O-USA) (1 Set)၊ ခန့်မှန်း တန်ဖိုးကျပ်-(၃,၀၀၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။